**ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး**

**၁၁ ရက်မြောက်နေ့ အစီအစဉ်**

**[ ၄-၂-၂၀၁၄ ] ( အင်္ဂါနေ့) နံနက် ၁၀၀၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမင်းဆွေ၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **လူငယ်ပြုပြင်ရေးစခန်း ရွှေပြည်သာ၊ ဝက်ထီးကန်အား ပြန်လည်ပြုပြင်၍ လူကြီး၊ လူငယ်များအား စခန်းသွင်းလေ့ကျင့်ပေးရန်နှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ် များတွင်လည်း အလားတူစခန်းများ တည်ဆောက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ **မွန်ပြည်နယ်တွင် မူးယစ်အထူးအဖွဲ့ တစ်ဖွဲ့ ဖွဲ့စည်းရန်၊ လောင်းကစားမှုများ၊ မူးယစ်ဆေးဝါးများနှင့် ချဲဒိုင်များအား ထိရောက်စွာ ဖမ်းဆီးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်(ကိုယ်စား) ဦးခင်မောင်ဌေး၊ ထီးလင်း မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များအား တပ်မတော် နှင့်တပ်မတော်သားများ နည်းတူလစာနှင့် ခံစားခွင့်များ တိုးမြှင့် ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးရှိသီး၊ လေရှီး မဲဆန္ဒနယ်၏ **စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့နယ်၊ ဆွမ္မရာမြို့နယ်ခွဲအတွက် ဌာနဆိုင်ရာဝန်ထမ်းများအား ဖွဲ့စည်းပုံနှင့်အညီ ခန့်ထားပေးရန်နှင့် ရုံးအဆောက်အဦများ ဆောက်လုပ်သွားရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ **တမူးမြို့ ဘောလုံးကွင်းအား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းနှင့် အားကစားအရာရှိနေအိမ် တည်ဆောက်ပေးရေးကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်၏ **ခန္တီးမြို့နယ်အား အထူးဖွံ့ဖြိုးရေး ဒေသတွင် ထည့်သွင်းလျက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **မင်္ဂလာဒုံမြို့နယ်**၊ **ခရေပင်လမ်းဆုံမှ အမှတ်(၃)လမ်းမတစ်လျှောက် လမ်းဘေးဝဲယာရှိ ဆိုင်ခန်းများအား ဖယ်ရှားပေးရန်နှင့် လမ်းဘေးဝဲယာတွင် လူသွားလမ်း ပလက်ဖောင်းပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးစောလှထွန်း၊ ချောင်းဦး မဲဆန္ဒနယ်က တင်သွင်းသည့် **"ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း။

၇။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **"စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၂ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။